7:09 PM 49%



# ကွက်လပ်ဖြည့်

၁။ ဆားရရှိရန်ယခင်ကပင် အမျိုးမျိုး __တီထွင်__ ကြံဆခဲ့ကြသည်။

၂။ ချေးထွက်လျှင် ခန္ဓာကိုယ်__အညစ်အကြေး__တို့နှင့်အတူ ဆားဓာတ်များ ပါထွက်သွားပါသည်။

၃။ လည်ပင်းကြီးရောဂါဖြစ်သူများသည် __အိုင်အိုဒင်း__ ဓာတ်ချို့တဲ့ ၍ ဖြစ်သည်။

၄။ ဆားထုတ်လုပ်ရာတွင် ပင်လယ်ရေကို __ကျိုချက်__ ၍ ချက်ဆား ပြုလုပ်ကြသည်။

၅။ အိုးအက်ကလေးသည် __လယ်တော__ ဝန်းကျင်ကို အကျိုးပြုပေးနေပါသည်။

၆။ လယ်သမားကြီး ရေထမ်းတိုင်း __အက်နေ__ သောအိုးကလေးဘက်ခြမ်းတွင် ရေများ စိမ့်ကျနေတတ်ပါသည်။

၇။ ဦးဘိုးစိန်သည် မန္တလေးတွင် ဇာတ်သဘင်ပညာကို လေ့လာ__ဆည်းပူး__ ခဲ့ပါသည်။

၈။ ဦးဘိုးစိန်သည် ဇာတ်သဘင်ပညာပြည့်ဝသော ယောကျ်ားမင်းသမီး__အောင်ဗလ__ နှင့် တွဲဖက်ပြခဲ့သည်။

၉။ ဦးဘိုးစိန်၏ ငယ်အမည်မှာ __မောင်သိုက်__ ဖြစ်သည်။

LIVEWORKSHEETS

7:09 PM 49%

Revision Sem1 (Answer).pdf

၁၀။ ရှေးအခါကဇာတ်ကရာတွင် ရေနံ့မီးတိုင် ကို ထွန်း၍ကပြကြသည်။

၁၁။ ဦးဘိုးစိန်သည် မင်းအစိုးရတို့ ချီးမြှင့်သောဝဏ္ဏကျော်ထင်ဘွဲ့ကို ရရှိခဲ့သည်။

၁၂။ ရှေးခေတ် ပုဂံပြည်ကြီးသည် မြန်မာတို့၏ ပထမ မြန်မာနိုင်ငံတော်ကြီး ဖြစ်ပါသည်။

၁၃။ ပုဂံမြို့ဟောင်း၏ အဝင်ဝတွင် သရပါတံခါး၊ ကျုံးဟောင်း နှင့် မြို့ရိုးဟောင်းရှိပါသည်။

၁၄။ ပုဂံမြို့ရှိ ဘုရားပုထိုးများမှာ လျှောင်ဒဏ် များကြောင့် ပြိုပျက်ခဲ့သည်။

၁၅။ ပုဂံခေတ် မြန်မာနိုင်ငံကို ထိုခေတ် မြန်မာတိုင်းရင်းသားတို့ကစည်းလုံးညီညွတ် စွာစုပေါင်း တည်ထောင်ခဲ့သည်။

၁၆။ ဘုရားပုထိုးများတွင် ပုဂံခေတ် ဗိသုကာ လက်ရာများ နံရံဆေးရေးပန်းချီများကိုလည်း အံ့ဩဖွယ်တွေ့မြင် ရပါသည်။

၁၇။ အောင်ဆန်းဇာနည် ကဗျာကို ကဗျာဆရာ ရဲအောင်မိုး က ရေးသားခဲ့ပါသည်။

၁၈။ ဗိုလ်ချုပ်အောင်ဆန်း၏ မိခင်မှာ ဒေါ်စု ဖြစ်သည်။

၁၉။ ဗိုလ်ချုပ်အောင်ဆန်းကို ဖေဖော်ဝါရီ လတွင် မွေးဖွားခဲ့သည်။

၂၀။ လွတ်လပ်ရေးဖခင်ကြီးဗိုလ်ချုပ်အောင်ဆန်းကို လေးစားကြည်ညိုကြသည်။

LIVEWORKSHEETS

7:11 PM 49%

Revision Sem1 (Answer).pdf

အမေးအဖြေ

၁။ ဆားထွက်ရာနေရာများကို ဖော်ပြပါ။

ဆားထွက်ရာနေရာများမှာ ရခိုင်ပြည်နယ် ၊ ဧရာဝတီတိုင်းဒေသကြီး ၊မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး တို့ဖြစ်ပါသည်။

၂။ လည်ပင်းကြီးရောဂါဖြစ်သူများသည် မည်သည့်ဓာတ်ချို့တဲ့သနည်း။

လည်ပင်းကြီးရောဂါဖြစ်သူများသည် အိုင်အိုဒင်းဓာတ်ချို့တဲ့ပါသည်။

၃။ ဦးဘိုးစိန်၏ မိဘအမည်ကိုဖော်ပြပါ။

ဦးဘိုးစိန်၏မိဘအမည်မှာ ဖခင်ပလို့ကိုစံထွန်းနှင့်မိခင် ဇာတ်မင်းသမီး မရွှေရုပ်တို့ ဖြစ်ပါသည်။

၄။ ဦးဘိုးစိန်၏မွေးဖွားရာ ဒေသကို ဖော်ပြပါ။

ဦးဘိုးစိန်၏ မွေးဖွားရာဒေသမှာအိမ်မဲမြို့ ၊ ခလောက်သိုက်ရွာဖြစ်ပါသည်။

၅။ ဦးဘိုးစိန်သည် မည်သည့် ခုနှစ်တွင် ကွယ်လွန်ခဲ့သနည်း။

ဦးဘိုးစိန်သည် ၁၉၅၂ - ခုနှစ် ၊ ဒီဇင်ဘာလ - ၂၂ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

LIVEWORKSHEETS

7:11 PM 49%

Revision Sem1 (Answer).pdf

အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ ကာယလုပ်သားများနှင့်အားကစားသမားများသည်အဘယ်ကြောင့် သာမန်လူတို့ထက် ဆားဓာတ်ပိုမို လိုအပ်သနည်း။

ကာယလုပ်သားများနှင့်အားကစားသမားများသည်ချွေးထွက်လျှင်ခန္ဓာကိုယ်အညစ်အကြေးတို့နှင့်တကွဆားဓာတ်ပါသွား၍သာမန်လူတို့ထက်ဆားဓာတ်ပိုမိုလိုအပ်ပါသည်။

၂ ။ ဆားလုံး၀ မရှိသော အရေးပေါ်အခြေအနေတွင် ဆားအလိုရှိပါက မည်ကဲ့သို့လုပ်ဆောင်မည်နည်း။

ဆားလုံး၀ မရှိသော အရေးပေါ်အခြေအနေတွင် ဝါးစသည့်အပင်မျိုးကို မီးရှို့ပြီးရလာသော ပြာကိုဆားအစားအသုံးပြုနိုင်သည်။သစ်ပင်ရသောပြာများတွင်အငန်ဓာတ်အနည်းငယ်ပါသော ကြောင့်ဖြစ်သည်။

LIVEWORKSHEETS

၃။ " ပျားနှင့်ပိတုန်း" ကဗျာကို မည်သူရေးသနည်း။

" ပျားနှင့်ပိတုန်း " ကဗျာကိုအမည်မသိစာဆိုကရေးသားခဲ့ပါသည်။

၄။ ပျားနှင့်ပိတုန်းတို့သည် မည်သည့်နေရာမှ ပန်းဝတ်မှုန်များကို မည်ကဲ့သို့သယ်ဆောင်သွားကြသနည်း။

ပျားနှင့်ပိတုန်းတို့သည် ပန်းပွင့်များမှ ပန်းဝတ်မှုန်များကိုလူများသယ်ဆောင်သွားသလိုပင်သယ်ဆောင်သွားပါသည်။

၅။ အိုးကောင်းကလေးက အိုးအက်ကလေးကို ဘာကြောင့် အပြစ်တင်တာလဲ။

အိုးအက်ကလေးက ရေကောင်းကောင်း မသယ်နိုင်သဖြင့် ပိုင်ရှင်လယ်သမားကြီး က ပို၍ပင်ပန်းရသောကြောင့်အိုးကောင်းကလေးကအိုးအက်ကလေးကိုအပြစ်တင်ရခြင်းဖြစ်ပါသည်။

LIVEWORKSHEETS

၆။ သင်သာ အိုးကောင်းကလေးဆိုရင် အိုးအက်ကလေးကို ဘယ်လိုပြောမလဲ။

ကျွန်ုပ်သာအိုးကောင်းကလေးဖြစ်ပါက အိုးအက်ကလေးကို စိတ်မပျက်စေရန်အားပေး စကားပြောပေးပါမည်။

၇။ အိုးအက်ကလေးက ဘာဖြစ်လို့ သူ့ကို စွန့်ပစ်ပါလို့ ပြောသလဲ။

အိုးအက်ကလေးက အိုးကောင်းကလေး၏အပြစ်တင်စကားကို ကြားရသော အခါ အလွန်စိတ်မကောင်းဖြစ်သွားပြီး သူသည် အသုံးမကျသော အိုးကလေး ဖြစ်၍ သူ့ကိုစွန့်ပစ်ပါဟု ပြောခြင်းဖြစ်ပါသည်။

၈။ ပုံပြင်အဆုံးမှာ အိုးကောင်းကလေးရဲ့စိတ်သဘောထား ဘယ်လိုပြောင်းလဲသွားသလဲ။

အိုးကောင်းကလေးသည် အိုးအက်ကလေး လယ်တောဝန်းကျင် အကျိုးပြုပုံကို သိနားလည်ကာ သူငယ်ချင်းနှစ်ဦး အတူပူးပေါင်းပြီး လယ်တောဝန်းကျင် သာယာ စိမ်းလန်းရေးအတွက် ရေသယ်ရေလောင်း လုပ်ဆောင်ပါသည်။

၉။ ဦးဘိုးစိန်သည် မည်သို့သော ပုဂ္ဂိုလ်မျိုးဖြစ်သနည်း။

ဦးဘိုးစိန်သည် စိတ်ကူးကောင်းသောပုဂ္ဂိုလ်မျိုးဖြစ်သည်။

LIVEWORKSHEETS

7:11 PM 49%



၁၀။ ပုဂံမြို့၏ တည်နေရာကို ဖော်ပြပါ။

ပုဂံမြို့သည် မန္တလေးတိုင်းဒေသကြီး၊ညောင်ဦးမြို့နယ်အတွင်း ဧရာဝတီမြစ် အရှေ့ဘက်ကမ်းပေါ်၌ တည်ရှိပါသည်။

၁၁။ ပုဂံပြည်ကြီးတွင် ထီးနန်းစိုက်ကာနိုင်ငံတိုးတက်အောင် ဆောင်ရွက်ခဲ့သည့် မင်းကောင်း မင်းမြတ် အမည်များကို ဖော်ပြပါ ။

ပုဂံပြည်ကြီးတွင် ထီးနန်းစိုက်ကာ နိုင်ငံတိုးတက်အောင်ဆောင်ရွက်ခဲ့သည့် မင်းကောင်းမင်းမြတ်အမည်များမှာ အနော်ရထာ၊ကျန်စစ်သား၊အလောင်းစည်သူ တို့ဖြစ်ပါသည်။

၁၂။ ပုဂံဒေသ လက်ဆောင်များကို ဖော်ပြပါ ။

ပုဂံဒေသလက်ဆောင်များမှာ ယွန်းထည်ပစ္စည်း၊သနပ်ခါး၊ပုံးရည်ကြီးနှင့် အခြား အမှတ်တရပစ္စည်းများဖြစ်ပါသည်။

LIVEWORKSHEETS

7:11 PM 49%

Revision Sem1 (Answer).pdf

၁၃။ ပုဂံဒေသကို မည်သည့် ခုနှစ် ၊ လ ၊ ရက်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် မည်သည့်အဖွဲ့အစည်းက သတ်မှတ်ခဲ့သနည်း ။

ပုဂံဒေသကို ၂၀၁၉ခုနှစ်၊ဇူလိုင်လ(၆)ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဥ်ကျေးမှု အဖွဲ့ကြီး(ယူနက်စကို)က ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အဖြစ် သတ်မှတ်ခဲ့ပါသည်။

၁၄။ ဗိုလ်ချုပ်အောင်ဆန်း၏ မွေးဖွားရာဇာတိကို ဖော်ပြပါ။

ဗိုလ်ချုပ်အောင်ဆန်း၏မွေးဖွားရာဇာတိမှာ မကွေးခရိုင်၊နတ်မောက်မြို့ဖြစ် ပါသည်။

၁၅။ ဗိုလ်ချုပ်အောင်ဆန်း၏ မိဘများမှာ မည်သူတို့ဖြစ်ကြသနည်း။

ဗိုလ်ချုပ်အောင်ဆန်း၏မိဘများမှာရှေ့နေဦးဖာနှင့်ဒေါ်စုဖြစ်ပါသည်။

LIVEWORKSHEETS

# ပြန်လှန်သင်ကြားခြင်း

**ခက်ဆစ်**

၁။ သာမန် = အထူးမဟုတ်သော။

၂။ ဆားပေါက်သောမြေ = ဆားဓာတ်ပါသောမြေ။

၃။ ထိုးဇာတ် = ကြံ့ဖန်တီထွင် ရေးထားသောဇာတ် ။

၄။ ဗုဒ္ဓဝင် = မြတ်စွာဘုရား၏ ဘဝဖြစ်စဉ် ။

၅။ ယိမ်းအက = စုပေါင်း၍ ညီညီညာညာ ကပြရသော အကတစ်မျိုး ။

၆။ ရေနံမီးတိုင် = မီးစာတပ်၍ ရေနံဆီ ၊ လောင်စာဆီဖြင့် ထွန်းသောအခြေပါသည့်မီးထွန်းစရာပစ္စည်း။

၇။ သမိုင်းဝင် = သမိုင်းတွင် မှတ်တမ်းတင်ခံရသော

၈။ ဩဝါဒ = ဆုံးမစကား ။

၉။ ဗိသုကာလက်ရာ = ဆောက်လုပ်မှုဆိုင်ရာ ပညာ ။

၁၀။ သုတေသန = တစ်စုံတစ်ခုကို ခြေခြေမြစ်မြစ်သိရန် စူးစမ်းရှာဖွေခြင်း ။

LIVEWORKSHEETS